မိုးပန်းမွန် (ရာမည)

# တောက်ပစွာ လောင်ကျွမ်းသော

နှင့်

# ရသဝတ္ထုတိုများ



# တောက်ပစွာ လောင်ကျွမ်းသော
# နှင့်
# ရသဝတ္ထုတိုများ

## စာရေးသူ၏ နိဒါန်းစကား

ယခုခေတ်သည် စာအုပ်စာပေများစွာ ထုတ်ဝေလာသော ခေတ်ဖြစ်သည်။ လူငယ်အများစု သည်လည်း စာဖတ်အားကောင်းလာသဖြင့် အသိဉာဏ်တိုးတက်မြင့်မားလာသည်။ သို့ရာတွင် ရသစာ ပေဖတ်ရှုသူနည်းလာသည်ကို တွေ့ရသည်။

အချို့က ရသစာပေ အားလျော့လာပြီဟု သုံးသပ်ကြသည်။ အမှန်တော့ . . .

ရသာစာပေရေးသားသည့်ဘက်မှ အားမလျော့ကြပါ။

ရသစာပေဖတ်သူများ အားလျော့လာကြခြင်းဖြစ်သည်။

ရသစာပေကိုသာ ရေးသားရန် အားသန်သော ကျွန်မသည် တစိုက်မတ်မတ် အားထုတ် ရေးသားခဲ့သည်။ မဂ္ဂဇင်းများစွာတွင် ပါဝင်ခဲ့ပြီးသော ဝတ္ထုတိုများကို စုစည်း၍ (၂၀၀၃)ခုနှစ်တွင် “ကြည်နူးခွင့်နှင့် စိတ်ကြိုက်ဝတ္ထုတိုများ” (၂၀၀၈)ခုနှစ်တွင် “ရွှေရည်စိမ် လူသားများ ဝတ္ထုတိုစု” စသည်တို့ကို ထုတ်ဝေခဲ့သည်။

ရသစာပေဖတ်သူ နည်းလာပြီဆိုသော အသံကြောင့် စာအုပ်ဆက်ထုတ်ရန် ကျွန်မ လက်တွန့် နေခဲ့သည်။ သို့ရာတွင် ရသစာပေရေးသူအနေနှင့် တာဝန်ကျေချင်သည့် ဆန္ဒကြောင့် ရသစာပေဝတ္ထု တိုများအား စုစည်း၍ တတိယမြောက်စာအုပ်ကို ထုတ်ဝေလိုက်ခြင်းဖြစ်သည်။

ကျွန်မရေးသားသော ဝတ္ထုတိုများသည် ဘဝထဲမှ ကြုံတွေ့ရလေ့ရှိသော

အကြောင်းအရာများ ကို ပုံဖော်တင်ပြထားခြင်းဖြစ်သည်။ စာချစ်သူများအတွက် ခံစားမှုတစ်စုံတစ်ရာ ရနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

**စေတနာများစွာ**

**မိုးပန်းမွှန်(ရာမည)**

*

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

ဖခင်နိုင်စိန်ကလေး၊ မိခင် ဒေါ်မိတင်ဟိန်တို့မှ (၁၉၅၂)ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် မော်လမြိုင်မြို့၌ မွေးဖွားသည်။

၁၉၈၀ ပြည့်နှစ်တွင် တိုင်းရင်းမေဂျာနယ်၌ "ရာမဇာတ်တော်ထဲက မယ်သီတာ"ဝတ္ထုတိုဖြင့် လည်းကောင်း၊ ယုဝတီဂျာနယ်၌ "ခရေလမ်း" အဖွင့်ကဗျာရှည်ဖြင့်လည်းကောင်း စာပေလောကသို့ စတင်ဝင်ရောက်ခဲ့သည်။

ရတုစာဆိုရှင် 'နတ်ရှင်နောင်'၏ "ပေါ်နွေလလျှင်"ချီ ရတုထဲက "စိမ်းဝါမိုးပန်း"ဆိုသော စာသား ကိုယူပြီး မွန်လူမျိုးဖြစ်၍ 'မွန်'နှင့်တွဲလျက် "မိုးပန်းမွန်-ရာမည"ဟု ကလောင်အမည်ယူခဲ့သည်။ ခင်ယွန်းနန္ဒာဆိုသော ကလောင်ခွဲဖြင့်လည်း ရေးသားခဲ့သည်။

မဂ္ဂဇင်းများစွာတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကဗျာနှင့်ဆောင်းပါး များစွာရေးသားပြီးဖြစ်သည်။ မဂ္ဂဇင်းဝတ္ထုတို(၁၀)ပုဒ်နှင့် ဝတ္ထုရှည်(၃)ပုဒ်ကို မြန်မာ့အသံမှ ဇာတ်လမ်းပမာထုတ်လွှင့်ပြီး (၁)ပုဒ်ကို ဒါရိုက်တာ အောင်စိုးဦးက မြဝတီရုပ်မြင်သံကြားအစီအစဉ်မှ ဗီဒီယို ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ မြဝတီ ရုပ်သံမှလည်း ဝတ္ထုတို(၃)ပုဒ်ကို မြန်မာ့အသံမှ ဗီဒီယိုရိုက်ကူးထုတ်လွှင့်သည်။

ဒေါပုံမြို့နယ် စာရေးဆရာအသင်း၏ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)တွင် စာပေယဉ်ကျေးမှုဆိုင်ရာ အကြံပေးအဖြစ် ဆောင်ရွက်ဆဲဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတွင် ဦးစီး အရာရှိ (စီမံ-၁)တာဝန်ဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ပြီး (၂၀၀၅)ခုနှစ်တွင် ဆေးပင်စင်ဖြင့် အနားယူခဲ့ သည်။

ယခုအခါ ခင်ပွန်းဖြစ်သူ ဦးထွန်းရီ၊ သားသမီး၊ မြေးများနှင့် အတူနေထိုင်ပြီး စာပေများရေးသား ဆဲဖြစ်သည်။

*

# ကွမ်းတောင်ပန်းတောင်ကိုင်တဲ့
# "အရွယ်"

## (၈)

လူတစ်ကိုယ်တွင် အားနည်းချက်တစ်မျိုးစီတော့ ရှိတတ်သည်။

မေထူးတွင်လည်း အားနည်းချက်တစ်ခုရှိပြီး ထိုအားနည်းချက်ကြောင့် အံချော်မှုများ ကြုံရလေ့ ရှိသည်။

အစဉ်သဖြင့် ထူးထူးခြားခြားဖြစ်အောင် သူများထက်ထူးပြီးသာအောင် ဖေဖေက "မေထူးသာ" ဟုအမည်ပေးထားခြင်းဖြစ်သည်ပင်။
ပညတ်သွားရာဓာတ်သတ်ပါလေသလားမသိ၊ လုပ်လိုက်မှဖြင့် တလွဲချည်းသာ၊
သည်မြို့လေးကကျဉ်းပြီး ဘယ်ကိစ္စမဆို သတင်းပျံ့လွယ်သည်။
မေထူးအရွယ်ရောက် လာချိန်တွင် ဖြူဖြူချောချော
ရုပ်ရည်နှင့်ရှည်သွယ်သွယ်အရပ်ကြောင့် မော်ဒယ်မဟုခေါ်သူကခေါ်ကြ သည်။
အစ်မဖြစ်သူ "ပေဖူးလွှာ"ထက်ပိုချောသည်ဟု ပြောသူကပြောသည်။

ဒါကိုပင် မေထူးကလည်း သဘောတကျနှင့် ဘဝင်လေဟပ်နေစမြဲ။
တစ်ခါတစ်ရံ အစ်မဖြစ်သူ ကို လှောင်ရယ်လျက် ကိုယ့်ကိုယ်ကို
မြှောက်ပြောတတ်သေးရဲ့။ ရိုးရိုးယဉ်ယဉ်ဝတ်ဆင်ထားသည့် ပေဖူးကို
လက်ညှိုးထိုးလျက် . . .။

"ပေဖူးရာ . . . မေထူးကိုကြည့်ပြီး အလှပြင်စမ်းပါ။ ဒီမှာလေ အင်္ကျီကို
အထဲကကြိုးတစ်ချောင်း စီပါတဲ့လည်ဟိုက်ကိုဝတ်၊ အပြင်လွှာကို
ကုတ်ပုံပါးပါးလေးထပ်ဝတ်၊ ကဲ . . . ဘယ်လောက်စတိုင်ကျ လဲ၊ ပေဖူးမှာတော့
တစ်ခါလာလည်း ရင်ဖုံးအင်္ကျီ၊ တစ်ခါလာလည်း ရင်စေ့လက်ရှည်နဲ့ ပုံရိုးကြီး"

မေထူးစကားကို ပေဖူးက ဘာမှဆင်ခြင်မပေး။

လှချင်လွန်းသည့် ညီမလေးကိုလည်း အပြစ်မပြောဘဲ ကိုယ့်စိတ်ကြိုက်ဝတ်ခွင့်ပြုထားသည့်ပုံ မျိုး။ တစ်ခါတစ်ရံ မေထူးအင်္ကျီက ဘာပုံမှန်းမသိ။ အတွန့်တွေ အတက်တွေနှင့် မျက်စိနောက်စရာ။ လက်မှာ ခွဲထားတာတွေ၊ ပခုံးမှာခွဲထားတာတွေလည်းပါသေး။ ထမီဆိုလျှင်လည်း ရိုးရိုးမဟုတ်ဘဲ စကပ်လိုလို အကျပ်တွေ အကွဲတွေနှင့်။ ကိုယ့်ကိုယ်ကို လှသည်ဟု မာန်တက်၍ ကျော့ကျော့ကော့ ကော့နှင့် ရွာရိုးကိုးပေါက် လျှောက်လိုက်သေးရဲ့။ မေထူးကို ဒီကကာလသားအတော်များများပင် သဘောကျကြသည်။ ပေါင်းသင်းဆက်ဆံရေးတွင်လည်း မေထူးက ပေထူးထက် လူရည်လည်ပြီးသား၊ နှုတ်သွက်လျှာသွက်ရှိပြီးသား။

ပေဖူးကတော့လေ လူတွေ့လျှင် ခေါင်းငုံ့ရတာ အမော။ နှုတ်ဆက်ရမှာလည်း ဝန်လေးသလား မသိ။ ရှက်နေတာနှင့် ဘာမှမပြောဘဲ ရှောင်သွားတတ်စမြဲ။ ကာလသားများနှင့် အရောတဝင်နေလေ့ မရှိသော ပေဖူးကို ကြွေ့ရသူဟု လူကြီးသူမများက ချီးမွမ်းသည်။ မေထူးကတော့ သည်လိုကြီး မနေတတ်ပေါင်။ ကြွေ့မရှိဘူးဟု ပြောချင်ပြော။ အားလုံးနှင့် ရောနှောရယ်မောနေလိုက်သည်ချည်း ပင်။ အားလုံးက မေထူးကိုသာ ပို၍ ခင်မင်ကြသည်ဟု ထင်နေတတ်၏ ။

မေထူးတို့ညီအစ်မနှစ်ယောက်တွင် မေထူးက အစစအရာရာ သာသည်ဟုလည်း မြှောက်ပင့် ပြောသူများ ရှိသေးသည်။ အရူးဘုံမြှောက်နေခြင်းဟု မေမေက ရယ်ပြောပြောတတ်သည်။ ဖေဖေက တော့ ပြုံးစစဖြင့်-

“မေထူးသာဆိုတဲ့နာမည်ပေးမိတာ မှားပြီလားမသိဘူး။ အဖေ့ ရည်ရွယ်ချက်က ပညာရေးမှာ ရော၊ လူမှုရေးမှာရော သူများထက်သာစေချင်တဲ့ ဆန္ဒနဲ့ပေးလိုက်တာလေ။ အခု မေထူးသာက ပညာရေးမှာလည်း သူများလောက်ပဲ စီးပွားရေးမှာတော့ မရှာတတ်ခင်ကပဲ ဖြုန်းတတ်နေပြီ။ လူမှုရေး ကျတော့လည်း တစ်ခါတစ်လေ စွာကျယ်ကျယ်လုပ်တတ်သေးတယ်။ ယဉ်ကျေးသိမ်မွေ့လှချည်ရဲ့

ဆိုတာ တစ်ခါမှမကြားရဘူး”

ဖေဖေ့စကားကြောင့် မေထူး ရှက်သလိုလိုဖြစ်သွားသည်။ ပေဖူးကို လှမ်းကြည့်ပြီး စစ်ကူတောင်းသလို ပြုံးပြလိုက်သည်။ ပေဖူးက လေသံအေးအေးဖြင့် ကာပြော ပြောသည်။

“ဖေဖေရယ် ညီမလေးက ခုမှ ဆယ့်ခြောက်နှစ်ကျော်စပဲရှိသေးတာပါ၊ နောက်တော့လည်း အပြောအဆို အနေအထိုင် တတ်သွားမှာပေ့ါ၊ သူက ငယ်သေးတာကိုး”

အံမယ် စစ်ကူကလည်း ကာကွယ်မလိုလိုနဲ့ နှိမ့်ချသလိုကြီးပါလား၊ မေထူးနှုတ်ခမ်းစူလျက်-

“အခုလည်း အနေအထိုင်မတတ်တာမှ မဟုတ်ဘဲ၊ ပြီးတော့ ငယ်သေးလို့လည်း မဟုတ်ဘူး။ အရွယ်ရောက်နေပြီလို့ အဖွားမြကြ ပြောပြီးသား မေထူးက ဒီလိုပဲနေတတ်၊ ဝတ်တတ်တာကိုများ . . . ဟွန်း”

မေးဆတ်မျက်နှာလေးမော့ပြီးပြောပုံကို ဖေဖေနှင့် ပေဖူးက ရယ်သည်။ ကလေးလိုပဲဟု ဖေဖေက တီးတိုးပြောပြီး အိမ်ထဲဝင်သွားသည်။ ပေဖူးက မေထူးကို မငယ်တော့ဘူး၊ ဣန္ဒြေရရနေနော် ဟုလေသံပျော့နှင့် ချော့ပြောတတ်စမြဲပါ။ မေထူးကတော့ ကိုယ့်ဗီဇအတိုင်း နေမြဲဖြစ်သည်။

*

## (၁)

မီးမျှောပွဲအတွက် မေထူးတို့အပျိုမတစ်သိုက် အလုပ်ရှုပ်နေကြပြီ။

မေထူးတို့၏ မွေးရပ်မြေဖြစ်သော နယ်မြို့လေးတွင် တပေါင်းလပြည့်မီးမျှောပွဲကို အစဉ်အလာ တစ်ခုအနေနှင့် ကျင်းပမြဲ။

အဖွားမြတို့၏ ခြံကျယ်ကြီးထဲတွင် လပြည့်နေ့မတိုင်မီကတည်းက ဆီမီးခွက်အတွက် ကြိုတင် ပြင်ဆင်နေကြပြီ။ ချည်ခင်များကို အရွယ်တော်ပိုင်းဖြတ်၍ ဆီစိမ်ထားရန်၊ တစ်ထွာသာသာခုတ်၍ ထိပ်ချွန်တစ်ဖက် လုပ်ထားသော ဝါးချွန်တံထိပ်တွင် ပတ်ထားရသည်။ ထိုချည်ခင်ပတ်ထားသော ဝါးတံကို ဆီစိမ်ထားမှ လပြည့်ည ဆီမီးမျှောချိန်တွင် မီးညှိလိုက်လျှင် တာရှည်မီးစွဲသည်။

မေထူးနှင့် ပေဖူးတို့၏ အဖွားက ဆီလည်းလှူသည်။ ခြံနောက်ဘက်ရှိ ငှက်ပျောပင်များနှင့် ဝါးပင်များကိုလည်း လိုသလောက် ခုတ်ယူခွင့်ပြုထားသည်။ ဧည့်ခံကျွေးမွေးနေသော ပဲခြမ်းကြော်သုတ်နှင့် ရေနွေးကြမ်းကိုတော့ အပျိုကြီးမမထားက တာဝန်ယူသည်။

ကာလသားများက ငှက်ပျောပင်ကို အပိုင်းပိုင်းဖြတ်ပြီး တောင်ဆစ်ကျော်ကျော် အပိုင်းများဖြစ် အောင် ခုတ်ထားပေးသည်။ ထိုငှက်ပျောပိုင်းများကို ကြက်ခြေခတ်ယှက်ပြီး ဆီစိမ်ချည်ခင်ပတ်ထား သည့် ဝါးချွန်ဖြင့် ထိုးထားလိုက်လျှင် ဆီမီးထွန်းရန် အသင့်ဖြစ်ပြီ။ ရေတွင်မျှောလိုက်သောအခါ ရေပေါ်ပေါလောမျောနေစေရန် ငှက်ပျောအူဖတ် သုံးခြင်းဖြစ်သည်။

အပျိုမများကတဖက်၊ ကာလသား လူပျိုလေးများက တစ်ဖက် အလုပ်လုပ်နေကြပေမယ့် စကားဖြင့် နောက်ပြောင်ကျီစယ်သံများ ဆူညံနေသည်။ မမထားက ပဲခြမ်းကြော်သုတ်ပန်းကန်ချ ပေးရန် လှမ်းအော်ရသေး၊ စကားသံများကိုလည်း ဟန့်တားရသေး၊ ငှက်ပျောအူဖတ်ကိုလည်း အမေး နွှာရသေး။ မမထားကိုကြည့်၍ မေထူးတို့တောင် မောချင်ချင်။

ကာလသားအုပ်စုဘက်မှ ဖိုးဇော်က ပြုံးဖြီးဖြီးနှင့်

"မမထားကသာ ကျွန်တော်တို့ကို စကားများမနေနဲ့လို့ တားတာ၊ မမထားရဲ့ညီမတွေကဖြင့် ပေါက်ပေါက်ဖောက်တာထက် အသံကျယ်သေး၊ ပြောနေကြတာလည်း စုံနေတာပဲ။ ကျွန်တော့် အကြောင်းတောင် ပါလိုက်သေး ဟီး . . . ဟီး"

ဖိုးဇော်၏ စကားကြောင့် မေထူးက မျက်စောင်းချိတ်၍ နှုတ်ခမ်းကို မဲ့သည်။ မေထူးက အပျိုမတို့ အုပ်စုတွင် အငယ်ဆုံးနှင့်အစွာဆုံး။ သူ့ကိုစလျှင်လည်း ငုံ့မခံတတ်။ တစ်ခွန်းလောက်တော့ ပြန်ပက် လိုက်ရမှ ကျေနပ်သူ။ အားလုံးအတွက် ဒိုင်ခံရန်ဖြစ်ရမှ ကျေနပ်သူ။ ဖိုးဇော်စကားကို ဘယ်လိုပြန်ပက် ရလျှင် ကောင်းလေမလဲဟု တွေးပြီး -

"ကိုဖိုးဇော်အကြောင်းပြောတာတော့ မှန်ပါတယ်။ ဒါပေမယ့်နော် ကောင်းကြောင်းတစ်ခုမှ မပါဘူး။ အသားမည်းတာ၊ အရုပ်ပုတာ၊ အစားကြီးတာ၊ စကားများတာ အစုံပဲ ပြောမိကြတယ်။ အဲ . . . အဲ နောက်ပိုးသန်တာလည်း ပါသေးတယ်။ မစွံတာလည်းပါသေးတယ် ကိုဖိုးဇော်ရေ့"

"ဟာ . . . ဒီကောင်မလေး"

မေထူးကို လှမ်းဟန့်၍ အရှက်ပြေ ရေနွေးငုံ့သောက်သည့် ဖိုးဇော်၏ လျှာပူသွားဟန်ကြောင့် မေထူးတို့ တဟားဟား ရယ်မဆုံးတော့။

ဖိုးဇော်တို့ ကာလသားအုပ်စုမှ ကာလသားခေါင်းဆောင် လူပျိုကြီးကိုထိန်လင်းက ပြုံးစစဖြင့်-

"ဖိုးဇော်ရာ . . . မင်းအကြောင်းကို တစ်မြို့လုံးက အပျိုတွေ သိနေပါရောလားကွာ၊ မင်းကြောင့် လူပျိုကြီးတွေ သိက္ခာကျတယ်၊ ဘယ်သူ့ကိုမှ မပိုးစမ်းပါနဲ့ကွာ၊ ခပ်တင်းတင်းနေစမ်းပါ"

ဖြည်းဖြည်းညင်သာ စကားဆုံးတော့ မမထားထံ
အကြည့်ရောက်သွားတာ မေထူးမြင်လိုက် သည်။ သမာဓိ ဒါမျိုးထင်ပါရဲ့။
မမထားကတော့ မျက်နှာလွှဲလျက် နှုတ်ခမ်းစူထားပြီ။ သူတို့ နှစ်ယောက် လုံး
ဟန်ဆောင်ကောင်းနေကြတာတော့ အမှန်ပင်။

"ကဲဟေ့ . . . အလုပ်လုပ်မှာလား၊ စကားများမှာလား၊ တကတည်းမှပဲ
ဆီးမီးခွက်လုပ်ပါဆိုမှ နှာခေါင်းမီးခွက်အကြောင်း ပြောနေသေးတယ်"

မမထား၏ အော်သံကြောင့် ဖိုးဇော်တို့ဘက်မှ ဇက်ပုသွားပေမယ့်
မေထူးတို့ဘက်မှ တိုးတိုး ကြိတ်ကြိတ်ရယ်သံများက မဆုံးတော့။

*

## (၈)

မေထူးဖေဖေနှင့် မေမေက သည်မြို့ကလေးမှာတော့
မြို့မျက်နှာဖုံးဖြစ်သည်။ ဆန်စက်နှင့် စပါး ဒိုင်များ ပိုင်ထားသူဖြစ်ပြီး
ဆက်ဆံရေးလည်း ကောင်းသောကြောင့် ဖေဖေ့ကို မသိသူ မရှိ။ မေထူးတို့ အိမ်မှာ
မကြာခဏ အလှူအတန်းလုပ်နေသဖြင့် မေထူးတို့ညီအစ်မကိုလည်း မသိသူ မရှိ။
မြို့ကျဉ်းကျဉ်းလေးမှာ မြို့မျက်နှာဖုံးဖြစ်နေတာတော့အမှန်ပင်။ မြို့၏ ဘုရား၊
တန်ဆောင်း၊ ကျောင်းကန်များအတွက် အများဆုံးလှူနိုင်တာလည်း
မေထူးတို့မိသားစုဖြစ်သည်။ သည်တော့ ဘယ်သူတွေပဲအလှူလုပ်လုပ် မေထူးတို့ကို
ဖိတ်သည်။ မေထူးတို့ ညီအစ်မကို ဦးစားပေးသည်။ ကွမ်းတောင်ကိုင်၊
ပန်းတောင်ကိုင် အချောအလှများအဖြစ် နာမည်ကြီးနေတာလည်း မေထူးတို့ညီ
အစ်မ။

မေထူးကိုတော့ အားလုံးက စွာတေးဟု အမည်ပြောင်းထားပေး၏ ။ မစွာလို့လည်း မဖြစ်။ ကာလသားတွေက မေထူးကိုတွေ့တာနှင့် မျက်နှာတွေစပ်ဖြည်းဖြည်း ပြောင်ချော်ချော်တွေ။ သူတို့နှင့် နိုင်အောင်ပြောနိုင်မှ တော်ရုံကျသည်လေ။ သည်မြို့လေးက ကာလသားတွေကို မေထူး၏ ဖူးစာရှင် အဖြစ်တွေးကြည့်ဖူးသည်။ တစ်ယောက်မှ စိတ်ထဲမတွေ့၊ စိတ်ကူးနှင့်တောင် ချစ်ကြည့်၍ မရ။ သူငယ်ချင်းမ နိုင်နိုင်ဝင်းပြောသလို ရွာနားကမြက် ရွာနွားမစားဘူးဆိုလား . . .။ ပေဖူးတို့ပြောသလို ဆိုလျှင် မေထူးက ငယ်သေးလို့ပဲ ဖြစ်မည်ပေ့ါ။

တစ်ခါတစ်ရံတော့ စိတ်ကူးယဉ်ဖူးသည်။ ရန်ကုန်မြို့မှာ ကျောင်းသွားတက်ရလျှင် ကောင်းလေ စွဟု။ ဒါမှ တက္ကသိုလ်မှာ ချစ်သူတစ်ယောက်ထက်မက တွေ့နိုင်မည်။ အခုတော့ အေဂးသင်နှင့် ဘွဲ့ယူရမည်ဟု ဖေဖေက တစ်ချက်လွှတ်အမိန့်ထုတ်ထားသည်။ ငွေကြေးတတ်နိုင်ပါလျက်နှင့် တက္ကသိုလ်ကျောင်းကို တက်ခွင့်မရခြင်းအတွက် မေထူး ပူညံပူညံလုပ်သေးသည်။ ဖေဖေ၏ တစ်ခွန်း တည်းသောအကြောင်းပြချက်က ရှင်းပါသည်။

“ငါ လိုက်ကြည့်မနေနိုင်ဘူး”တဲ့လေ။ သည်လိုနှင့်ပင် မေထူးရော ပေဖူးပါ သည်မြို့လေးက ခွာခွင့်မရခြင်းဖြစ်၏ ။

“မေထူးသာရေ . . . မေထူးသာ”

အိပ်မပျော်နိုင်၍ ဘယ်ပြောင်းညာလူးလုပ်နေစဉ် မေထူးကို အော်ခေါ်နေသော နိုင်နိုင်ဝင်း၏ အသံကို ကြားရသည်။ လာပြီ၊ သူက သတင်းထူးဆိုလျှင် နေ့တွေညတွေ ရှောင်မနေတတ်။ မေထူးဆီ သို့ ဦးစွာ သတင်းပို့နေကျလေ။ ခုလည်းကြည့်၊ ရှစ်နာရီခွဲ၍ ခြံတံခါးပိတ်ထားပြီးမှ ရောက်လာပြန်ပြီ။ ဖေဖေ့စာကြည့်ခန်းတွင် မီးမမှိတ်သေး။ ဖေဖေက ညကြီးမိုးချုပ်မှ လည်ပတ်နေတာကို မကြိုက်တတ်။ ပေဖူးက ဖတ်လက်စ စာအုပ်ကို ဘေးချ၍ မေးဆတ်ပြသည်။ ပေဖူးကို လက်ကာပြပြီး မေထူး တစ်ယောက်တည်း

ခြံတံခါးသော့ယူနေစဉ် ဖေဖေက . . .

“မေထူး . . . ခြံတံခါးမဖွင့်နဲ့တော့လေ”

“ဟုတ်”

သော့လေး အသာပြန်ချိတ်ပြီး အိမ်မကြီးတံခါးသော့ဖွင့်၊ ခြံတံခါးနားအထိ ခြေသံဖွဖွဖြင့် လျှောက်၊ နိုင်နိုင်ဝင်းကို တိုးတိုးပြောရန် လက်ညှိုးဖြင့် နှုတ်ခမ်းကို ကပ်ပြလိုက်သည်။

“မိနိုင် ဘာတွေထူးလို့လဲ၊ မိုးစုံးစုံးချုပ်မှ”

နယ်မြို့မှာတော့ ပိုးစုန်းကြူးသာသာ မီးရောင်ကြောင့် လမ်းမတစ်လျှောက် မှောင်နေပြီ။ ပိုးကောင်လေးများ အော်သံကိုသာ ကြားနေရသည့်အချိန်။ သည်အချိန်ဆိုလျှင် သည်မြို့မှာတော့ လူခြေတိတ်ချိန်ဟု ခေါ်ကြသည်လေ။ နိုင်နိုင်ဝင်းက မျက်လုံးလေးဝိုင်းလျက် ခြံတံခါးနားတိုးကပ်ပြီး . .

“ဟဲ . . . နင်သိပြီးပြီလား”

နိုင်နိုင်ဝင်း၏ တိုးတိုးတိတ်တိတ်အသံ။ တစ်စုံတစ်ရာ ပြောတော့မည်ဆိုလျှင် သူက ဒီလိုဟန် နှင့် ပြောတတ်သူ။ မေထူးက စိတ်ဝင်တစားဖြင့်-

“ဘာကိုသိရမှာလဲ နင်ပဲပြောပါဦး”

“ဒီလိုဟာ . . . နက်ဖြန်လပြည့်နေ့ည ဆီမီးမျှောပွဲမှာ အပျိုမလေးတွေအားလုံး ဝါးဖောင်ပေါ် ကနေ မီးမျှောကြရမှာ နင်သိပြီးသား မဟုတ်လား။ ကာလသားတွေက လှေတွေနဲ့ မြစ်လယ်ကိုထွက်ပြီး ဆီမီးမျှောကြမှာလေ”

“အဲဒါ ငါသိပြီးသား အစီအစဉ်ပါဟာ၊ ဒါများ . . .”

“နေဦးလေ . . . အခုညပိုင်းကျမှ မမထားတို့အိမ်မှာ

အစည်းအဝေးလုပ်တော့ နောက်တစ်မျိုး တိုးလာလို့ ငါလာပြောတာဟဲ့”

နိုင်နိုင်ဝင်းက စိတ်မရှည်သလိုပြောသည်။ သူ့အသံ မာဆတ်ဆတ်က အနည်းငယ်အသံလွင့် သွားသဖြင့် ဖေ့ဖေ့အခန်းမှ ချောင်းဟန့် အချက်ပေးသံကြားရပြီ၊ သည်လောက်ကြီးကြာနေလျှင် ဖေဖေ စိတ်တိုနေလောက်ပြီ၊ မေထူးက စိတ်မရှည်သလိုဖြင့် -

“မြန်မြန်ပြောဟာ . . . ကြာတယ်”

ခပ်လောလော သူ့အပြောကြောင့် နိုင်နိုင်ဝင်းလည်း အလျင်စလို ပြောသည်။

“အေးအေး . . . အဲဒီ ဆီမီးမျှောပွဲမှာ အလှဆုံးမိန်းကလေးကို ဒီမြို့ရဲ့ ကွမ်းတောင်ကိုင်အဖြစ် ရွေးပြီး ပန်းစလွယ်နဲ့ ငွေသား ဆုချမယ်တဲ့၊ စည်းကမ်းချက်တွေကတော့ အများသား၊ အပျိုစင် ဖြစ်ရ မယ်ဟာ . . . ပြီးတော့ . . .”

“ရပြီ ရပြီ . . . နင်ပြန်တော့၊ ဟိုမှာ ဖေဖေထွက်လာပြီ”

စည်းကမ်းချက်တွေလည်း မေးမနေဖြစ်တော့။ လှအောင်ပြင်ရင် ပြီးတာပဲ။ အပျိုစင်ဖြစ်ရမည့် စည်းကမ်းချက်ကိုတော့ လာပြောမနေနှင့်။ စစ်လိုက်တာမှ စစ်စစ်ကိုမြည်လို့။ ဖေဖေနှင့် တန်းတိုးမိ တော့မတတ် အူမြူးနေသော မေထူးကို ဖေဖေက ဘာမျှမမေး။ ခပ်စူးစူးတစ်ချက် ကြည့်ရုံသာ။

အိပ်ခန်းထဲရောက်တော့ ပေဖူးက အိပ်ပျော်နေပြီ။

ကောင်းပါလေ့ . . .။ နို့မို့ဆိုလျှင် မေးနေဦးမည်။ မေးပြီးလည်း စိတ်ဝင်စားမည်မထင်။ သူက အထူးမွမ်းမံပြင်ဆင်ရမည်ကို နှစ်ခြိုက်လေ့မရှိ။ ဘာပဲဖြစ်ဖြစ် သည်ပွဲမှာ မေထူးတို့က သူများထက် ထူးကိုထူးရမည်။ သာကို သာရမည်။ မယုံလျှင်တော့ စောင့်ကြည့်ပေါ့။

အတွေးနှင့်ပင် ရင်ခုန်လျက် တော်တော်နှင့် အိပ်မပျော်နိုင်။

*

## (ဃ)

မီးမျှောပွဲကျင်းပမည့် လပြည့်နေ့ . . .။

မီးမျှောပွဲက ညဘက်လထွက်ချိန်လေးမှ စမှာ။ ထိုတစ်မနက်လုံး မေထူးတစ်ယောက် ဂဏှာ မငြိမ်။ ဖြစ်နိုင်ပ့ါမလား။ သူများထက် ထူးခြားတာကိုး။ ဈေးထဲပြေးပြီး တောက်တောက်လက်လက်ပိတ် စ ကြောင်ကြောင်ကြားကြားကို ဝယ်သည်။ အပ်ချုပ်ဆိုင်သို့သွားပြီး နေ့ချင်းပြီး အမြန်ကြေးပေး၍ ချုပ်စေသည်။ အင်္ကျီပုံစံကိုလည်း ကိုယ့်စိတ်တိုင်းကျ ပုံဆွဲပြလိုက်သေး။ လည်ဟိုက်၊ လက်အိုးပွပွ၊ ရင်မှာ အတွန့်များများ၊ ခါးရှည်မှာ အနားသတ်က အတွန့်လေးတွေနှင့်။ အိုး . . . လှလိုက်မည့်ဖြစ်ခြင်း။ စဉ်းစားရင်းနှင့်ပျော်နေပြီ။ ဒါက အင်္ကျီကိစ္စ။ ထမီကိုတော့ ထမီစကပ်ကျယ်ကျယ်။

ပြီးတော့ ဆံပင်ကိစ္စ၊ ဆံပင်ညှပ်ဆိုင်ပြေးရသေးသည်။

ဆံပင်ကို ဖွပစ်ပြီး မြင့်မြင့်စည်းခိုင်းထားသည်။ နဖူးမှာလည်း ဆံနွယ်ကို ကော်ရည်ဖြင့် ဖြောင့်ဖြောင့်လေး ချထားသည်။ ဖိနပ်လေးကိုတော့ အဖြူရောင်ဒေါက်ဖိနပ်လေး ရွေးထားပြီးပြီ။

ပေဖူးကို မေးကြည့်တော့ ရှိတာနှင့်ပဲသွားမည်တဲ့။ မေမေကလည်း မေထူးကို မျက်စိနောက် သည်ဟု မျက်မှောင်ကျုံ့၍ ကြည့်သည်။ ကွမ်းတောင်ကိုင် အလှမယ်ရွေးမည့်ကိစ္စကို မေမေလည်း မသိ။ ပေဖူးလည်း မသိ။ ဖေဖေကလည်း ပိုမသိသေး။ မေထူးတစ်ယောက်သာ သိထားပြီး လှုပ်ရှားနေ ခြင်းပါ။ ပေဖူးက မေထူးကို ထူးဆန်းသလို ကြည့်လျက် -

“မေထူးတစ်ယောက် ဘာစိတ်ကူးနဲ့ ဆံပင်တွေကောက်လိုက်တာလဲ၊ နဂိုဆံပင်ဖြောင့်ဖြောင့် လေးက ပိုလှတာပေါ့”

“ပေဖူးကလေ အသက်နှစ်ဆယ်ပဲ ရှိသေးတယ်၊ သိပ်လူကြီးဆန်တာပဲ၊ ဆံပင်ရှည်ကြီးကို ဘာလို့နှမြောနေတာလည်း ဒါကြီးကို ဆံထုံးထုံးဦးမှာပဲ မဟုတ်လား”

မေထူးအပြောကို သဘောကျ၍ ပေဖူးက တသိမ့်သိမ့်ရယ်သည်။ ပါးစပ်လေးကို လက်ဖဝါး လေးဖြင့်ပိတ်၍ ရယ်သဖြင့် အသံမထွက်လှ။ အပျိုကြီးမမထား၏ စတိုင်လ်မျိုး။

ညနေစောင်းတော့ ရေချိုးအလှပြင်ကြသည်။

မေမေက ပေဖူးဆံပင်ရှည်ကြီးကို အုန်းဆီလိမ်းပေးပြီး ဖြီးသင်ရှင်းလင်းပေးသည်။ အိအိ ထွေးထွေး ဆံပင်များကို သုံးမွှာခွဲပြီး ကျစ်ဆံမြီးကျစ်ပေးသည်။ ဆံပင်အဖျားတွင် ဖဲကြိုးအပြာနုနုလေး ကို ဖဲပြားပုံလေးဖြစ်အောင် ချည်လိုက်သည်။ အင်္ကျီစ ပြာဖျော့ဖျော့အိအိလေးကို လက်စကချုပ်ထား ပုံက တကယ့်အပျိုကြီးပုံမျိုးနှင့်။ အပြာပြောင်မှာ ပန်းခက်အဖြူရောင်လေးများ ရက်ယှက်နေသည့် ထမီ ကိုတင်းတင်းရင်းရင်း ဝတ်ထားသည်။ ပုံတော်ဖိနပ်ကို စီးထားလိုက်သေး။ အရပ်ရှည်ရှည်သွယ်သွယ် နှင့်မို့ ပြေပြစ်ပေသားပဲ။

ကျစ်ဆံမြီးအရှည်ကြီးကို ပခုံးမှကျော်၍ ရင်ညွန့်ရှေ့မှာ ချထားလိုက်တော့ ကျော့ကျော့ရှင်းရှင်း လေးပေါ့။ ဒါပေမယ့် မေထူးကိုတော့ မှီမယ်မထင်ပေါင်။ မေထူးအလှကိုကြည့်လေ . . .။ မြို့ဆန်သည်၊ ခေတ်ပေါ် အဝတ်အဆင်ဖြစ်၍ ဆန်းပြားသည်။ ဒေါက်မြင့်ဖိနပ်နှင့် ကော့ကောမော့မော့ မျက်နှာကို ချီထားလို့ရသည်။

“မေ့မေ့သမီးနှစ်ယောက်လုံး လှကြပါတယ်ကွယ်”

မေမေက ပေဖူးနှင့်မေထူးကို ပြုံးပြုံးကြီးကြည့်၍ ပြောသည်။ ပေဖူးက ရှိုရှို့လေးရပ်နေရာမှ မျက်လွှာလေးချ၍ ရှက်ဟဲဟဲပြုံးနေသည်။ ရှက်သလိုလို ကြောက်သလိုလိုနှင့် ဘာမှန်းမသိဘူး။ မေထူး ကတော့ မေမေ့ကို လက်မလေးတစ်ဖက်ထောင်ပြလျက် မိန့်မိန့်ကြီး ပြုံးပြလိုက်သည်။

ကိုယ်လုံးပေါ်မှန်ရှေ့တွင်ရပ်လျက် ဟန်ပါပါ မျက်လုံးထောင့်ကပ်၍ ပြုံးလိုက်သည်။ လူကြီး သူမတွေရှေ့မှာ ဘယ်လိုနေရမည်၊ ဘယ်လိုပြောရမည် ဆိုသော မေမေ့အမှာစကားကို မကြားတစ် ချက် ကြားတစ်ချက်နှင့်ပါ။ မေထူး လေ့ကျင့်နေသည်မှာ ကာလသားတွေရှေ့တွင် ဟန်ပါပါလျှောက်ရန် ဝင့်ဝင့်ကြွားကြွားပြုံးရန်၊ မျက်လုံးလေး ထောင့်ကပ်၍ မခို့တရို့ပြုံးရန် စသည် . . . စသည်ဖြင့်။

"ဟဲ့ . . .ဘာပြုံးနေတာလဲ ဒီမှာ မေမေ မှာနေတာတွေ ကြားရဲ့လား"

ပေဖူးက လက်ကုတ်၍ သတိပေးလိုက်မှ မေထူးကိုယ်ရှိန်သတ်ဖြစ်သည်။ နို့မို့ဆိုလျှင် ခေါင်းလေးမော့၍ ရယ်မောဟန်၊ ခါးလေးနွဲ့၍ မူနွဲ့ဟန်တွေပါလေ့ကျင့်မိမှာ။ အပျိုကြီးစတိုင် ထုတ်နေ သော ပေဖူးကိုကြည့်၍ မေထူး ရယ်ချင်နေပြီ။

"အဟဲ . . . ကြားပါတယ် ပေဖူးရဲ့၊ ပေဖူးကလေ မေထူးထက်လေးနှစ်ပဲကြီးတာကိုများ၊ မေထူးဆို လူကြီးသူမ လေသံနဲ့ဆုံးမချင်သေးတယ် နော်။ လူရှေ့ကျရင် မမလို့မခေါ်တော့ဘူး။ ဖွားလေးလို့ပဲ ခေါ်တော့မယ် ဟဲ . . .ဟဲ"

"ဒီကောင်မလေး ရွှတ်နောက်နောက်နဲ့ အူမြူးနေပြန်ပြီ ဒေါက်ဖိနပ်နဲ့ ခလုတ်တိုက်ဦးမယ်၊ ဖြည်းဖြည်းလျှောက်ကြနော်"

မေမေက နှစ်ယောက်လုံးကို အိမ်ဂေအထိ လိုက်ပို့ရင်းပြောသည်။ မေထူးတို့ ဘယ်ကိုသွားသွား မျက်စိတစ်ဆုံး လိုက်ကြည့်တတ်တာ

မေမေ့အကျင့်ပါပဲ။ မေထူးတို့ နှစ်ယောက်လုံး “ဟုတ်”ဟု သံပြိုင် ပြောပြီး လက်ပြနှုတ်ဆက်၍ ထွက်ခဲ့ကြသည်။

“ဟား ဟား . . . ဘယ်သူများလဲလို့ဟာ”

“ဟယ် . . . ဘယ်နိုင်ငံကပါလိမ့်နော်”

ကမ်းနားမဆင်းမီ အဖွားမြတို့အိမ်တွင် လူစုကြရသည်။ အဖွားမြတို့ခြံထဲ ဝင်လိုက်တာနှင့် မေထူးကို ဦးစွာ သတိထားကြည့်မိသူက ဖိုးဇော်ဖြစ်သည်။ ဖိုးဇော်နောက်မှ ညီညီက ပြောင်ချော်ချော် နှင့် အော်ပြီ။ သူတို့အသံကြောင့် ဧည့်ခံမဏ္ဍပ်ထဲမှ ကာလသားများနှင့် အပျိုမအားလုံး၏ အကြည့်က မေထူးတို့ထံရောက်လာသည်။ နိုင်နိုင်ဝင်းက အံ့သြစွာဖြင့်ထ၍ မေထူးကို နှုတ်ဆက်သည်။

“မေထူးသာရယ် . . . အရမ်းလှတာပဲဟာ”

အနားသို့ရောက်အောင် လျှောက်လာပြီး မေထူးလက်ကို ဆွဲကိုင်၍ ပြောသော နိုင်နိုင်ဝင်း၏ အသံ။

“လာကြ . . .လာကြ၊ မမထားက မျှော်နေတာ၊ ပေဖူးလွှာနဲ့ မေထူးသာတို့ နောက်ကျနေတာနဲ့ မုန့်တွေတောင်ကုန်တော့မယ်”

မမထား၏ ရယ်ရယ်မောမော ကြိုဆိုသံ။

“နောက်ကျတဲ့သူတွေ ပန်းကန်ဆေးရမယ်နော်”

ချစ်စနိုးကျီစယ်သော ကိုထိန်လင်းရဲ့အသံ။ မေထူးတို့ညီအစ်မကို ခင်မင်သဖြင့် ဝိုင်းဝန်းနှုတ် ဆက်သည်ဟုမထင်။ တမင်ချိုးနှိမ်သည်ဟု ရင်မှာတင်းကခနဲခံစားလိုက်ရသည်။ စိတ်ဆတ်သော မေထူး၏ အကျင့်ကို ဖျောက်ဖျက်လို့မရနိုင်။ ရှက်ဒေါသလေးစွက်လျက်-

“အံမယ် ဒီလိုလှလှပပဝတ်လာတာ ပန်းကန်ဆေးဖို့မဟုတ်ဘူး

ကိုကြီးထိန်လင်းရဲ့ ကာလသား တွေ ဆေးခိုင်းပါလား၊ သစ်သစ်လွင်လွင် ဝတ်ထားတာ တစ်ယောက်မှမပါဘူးလေ”

စွာကျယ်ကျယ်ပြောချနေသော မေထူး၏ စကားကြောင့် အဖွားမြကဟဲ့ . . . ဟဲ့နှင့် တားနေ သည်။ မဏ္ဍပ်ထဲမှ လူပျို၊ အပျိုများ၏ အကြည့်က မေထူးထံစုပြုံကျလာပြီး မျက်မှောင်ကျုံ့နေကြပြီ။ မေထူးစွာမှန်းသိလျက်နှင့် ဘာလို့စသေးလဲဟု ကိုထိန်လင်းကို အပြစ်ဆိုသူက ဆိုကြသည်။ ပေဖူး အားနာသော မျက်နှာငယ်လေးနှင့် ဖာဖာထေးထေး။

“အို မေထူးကို မဆေးခိုင်းပါဘူး၊ ကိုကြီးထိန်လင်းက ပေဖူးကို ပြောတာပါ၊ ညီမလေး မဆေးရ ပါဘူး”

ကိုထိန်လင်းနှင့် မမထားတို့က ခွင့်လွှတ်သောအပြုံးဖြင့် ဘယ်သူမှ မဆေးရပါဘူးဟု ပြောသည်။ စလို့လည်း စလို့မသိဟု ဖိုးဇော်က နှာခေါင်းရှုံ့လျက် မျက်စောင်းခဲသည်။ ဖိုးဇော်ကို ခွန်တုံ့ ပြန်ရန် နှုတ်ခမ်းကို ပြင်၍ မော့ကြည့်လိုက်စဉ် ဖိုးဇော်နောက်မှ စိမ်းစိမ်းစူးစူး မျက်စုံတစ်စုံကို မြင်လိုက် ရသည်။ အို . . . ဒီလူကို ဒီမြို့ငယ်မှာ မမြင်စဖူး၊ ထူးကဲ့သည့် ရုပ်လက္ခဏာနှင့်ပါလား။ မေထူး ရင်ခုန် သွားပြီ။ မနေ့ညကမှ ရောက်လာသည့် မြို့နယ်ဆရာဝန် (လူပျိုကြီး)ဆိုသူဖြစ်လိမ့်မည်။ အရပ်မြင့်၍ အသားဖြူဖြူ ကိုယ်လုံးပြည့်ပြည့်။ မြို့သားဆိုသည့်အတိုင်း စတိုင်လ်ကတော့မိသည်။ အင်္ကျီအဖြူ လည်ကတုံးလက်ရှည်ကို မရမ်းစေ့ရောင် ချည်ချောပုဆိုးနှင့်တွဲ၍ ဝတ်ဆင်ထားသည်။ ဘိုကေကို သေသေသပ်သပ် ဖြီးထားပြီး မျက်နှာကလည်း ပြုံးတုံ့တုံ့နှင့်။ ခန့်ချောဆိုတာ ဒီလိုလူမျိုးပဲ ဖြစ်မည်။

မေထူးရင်ထဲ လှိုက်ခနဲတုန်သွားသည်။ မြင်မြင်ချင်းပင် စိတ်ကူးယဉ်ချင်စိတ်လေး ဝင်သွားမိ တာအမှန်။ မေထူးက အသံကျယ်ကျယ်ဖြင့် ပြောနေရာမှ ဘရိတ်အုပ်လိုက်ပြီး လျှာလေးထုတ်မိတော့ သည်။ စိတ်ထဲလည်း ရှက်ရွံ့သလိုလိုနှင့် ကိုယ်ရှိန်သတ်၊ မျက်လွှာချပြီး မိန်းကလေးများထိုင်ရာ ဘက်သို့သွားလိုက်သည်။ အပျိုမလေးများက မေထူးကို ဝိုင်းကြည့်နေကြသည်။

ဝတ်စားဆင်ယင်ထား ့ကို သဘောကျ၍ ကြည့်တာလား။ မျက်စိနောက်၍ ကြည့်တာလား မေထူးမသိ။ ကိုယ့်ကိုယ်ကိုယ်တော့ အလှဆုံးဟု သတ်မှတ်ထားပြီးပြီ။ မမထားက မဏ္ဍပ်တွင်းသို့ ငဲ့ဝဲကြည့်ပြီး . . .

"လူစုံသလောက်ရှိပြီနော်၊ ညီမလေးတို့အားလုံး ကမ်းနားဆိပ်မှာ ကပ်ထားတဲ့လှေတွေပေါ်ကို ဖြည်းဖြည်းတက်ကြမယ်နော်၊ မောင်လေးတွေလည်း လှေတစ်စီးကို ငါးယောက်စီတက်ကြပါ"

သင်္ဘော၏ နောက်ဘက်တွင် ကြိုးဖြင့် တန်းစီတွဲထားသော လှေများပေါ်သို့ တက်ကြရမည်ကို မမထားက အစီအစဉ်တကျပြောပြီး ရှေ့ဆုံးမှထွက်နှင့်ပြီ။ မဏ္ဍပ်ရှိ မမထားတို့အိမ်နှင့် သင်္ဘောကပ် ထားရာ ကမ်းနားသို့ အလှမ်းမဝေးလှ။ တန်းစီလျှောက်စဉ် ဘေးဝဲယာမှ ကြည့်နေသူများကို မေထူးက လက်ပြနှုတ်ဆက်လိုက်သေးသည်။ ဖိနပ်ကလည်း စီးနေကျမဟုတ်တော့ ယိုင်ယိုင်ထိုးထိုးနှင့်။ သင်္ဘောဆိပ်ရောက်ခါနီး လေ ခလုတ်တိုက်လေလေ။ သင်္ဘောပေါ်မှာတော့ အိုးစည်ဗုံမောင်း တီးခတ်သံများ ဘဝဂ်ညံနေပြီ။ သင်္ဘောနောက်မှ ကြိုးကြီးများဖြင့် တန်းစီ၍ တွဲထားသည့် လှေများပေါ် တွင် အပျိုလူပျိုများ နေရာယူကြရသည်။ မေထူးတို့ မိန်းကလေးခြောက်ယောက်တစ်တွဲ လှေပေါ် ရောက်နေပြီ။ မှောင်ရီပျိုးချိန်ဖြစ်၍ ဆီမီးမျှောရန်အချိန်ရောက်နေပြီ။

သင်္ဘောက ရေဆန်အတိုင်းမြစ်ညာသို့ တရွေ့ရွေ့ဆန်တက်ပြီး မြို့၏ အရှေ့ဘက် မြစ်ဆုံ ရောက်မှ ရပ်လိုက်သည်။ ထိုနေရာမှ ဆီမီးတိုင်ကို မီးညှိပြီးရေတွင်မျှောချလိုက်တော့ ရေစုန်အတိုင်း ဆီမီးတိုင်များ တရွေ့ရွေ့ မျောတော့သည်။ မြစ်ကမ်းဘေးဝဲယာမှ မီးမျှောပွဲကိုကြည့်နေသူများလည်း ပျော်ရွှင်စွာ လက်ခုပ်သြဘာတီးကြသည်။ စုန်ရေအတိုင်း ဆီမီးတိုင်လေးများ မျောနေသည်မှာ မြစ်ကြောင်းတစ်လျှောက် တလက်လက်နှင့်။ မှောင်လုလု ဖြစ်နေသော ရေပြင်တွင် မီးပွင့်လေးများက လှိုင်းကြပ်ခွပ်၏ စည်းချက်အတိုင်း နိမ့်ချည်မြင့်ချည်။

မေထူးအတွေးတွေလည်း လှိုင်းကြပ်ခွပ်များကဲ့သို့ပင် လှုပ်ရှားနေသည်။ သူများတွေပျော်ရွှင် နေချိန်တွင် မေထူးကတော့ ပန်းစလွယ်ကို တပ်မက်သော ဆန္ဒဖြင့် ငေးငေးငိုင်ငိုင် . . .။

*

**(၄)**

ဆီမီးမျှောသူများ ညော့်ခံမဏ္ဍပ်သို့ ပြန်ရောက်ချိန်သည် ည၉ နာရီကျော်ပြီ။ မြို့ငယ်လေးအတွင်း ရှိ မြို့မျက်နှာဖုံးများကို မဏ္ဍပ်တွင် စကားလက်ဆုံကျနေတာမြင်ရတော့ မေထူးရင်ထဲ၌ သိမ့်ကနဲတုန် သွားသည်။ ထိုအုပ်စုတွင် မြို့နယ်ဆရာဝန်လေး ဦးသက်ထွန်းက ရေနွေးကြမ်းသောက်လျက် မိန့်မိန့် ကြီးထိုင်လို့။ ဦး တပ်ခေါ်ရပေမယ့် နုပျိုသောဟန်နှင့် ငယ်ရွယ်သောအသက်ကို မှန်း၍ ရသည်။ ရှိလှ သုံးဆယ်ကျော်ကျော်ပေ့ါ။ ဖေဖေနှင့် စကားလက်ဆုံကျနေသည်မှာ သိဟောင်းကျွမ်းဟောင်း တစ်ယောက်ကဲ့သို့ပင်။ ဖေဖေက ဘာတွေပြောနေသည်မသိ။ ဦးသက်ထွန်းက မေထူးဘက်သို့ လှည့်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်။

ကာလခေါင်းဆောင် ကိုထိန်လင်းက ပရိတ်သတ်ရှေ့သို့ထွက်ပြီး

"ဒီနေ့ည မီးမျှောပွဲအပြီးမှာ အစီအစဉ်လေးတစ်ခု လုပ်ထားပါသေးတယ်ခင်ဗျာ"

ကြေညာသံကြောင့် စကားလုပြောနေသော မိန်းကလေးများရော၊ မျက်စေ့စားပွဲထိုင်နေသည့် အမျိုးသားများပါ အသံတိတ်သွားသည်။ တခြားမိန်းကလေးများ ဘယ်လိုခံစားရမည်ဆိုတာကို မေထူး မသိ။ ပန်းစလွယ်ကို

ပိုင်ဆိုင်လိုသဖြင့် ရင်မှာပူလောင်နေသူက မေထူးဖြစ်ကြောင်းလည်း တခြားမိန်းကလေးများ မသိ။ ကိုထိန်လင်းက အစီအစဉ်ကို ဆက်၍ ပြောပြီ . . .။

"ဒီည ဒီမြို့လေးရဲ့ ကွမ်းတောင်ကိုင်ကို ရွေးချယ်မှာဖြစ်ပါတယ်။ ယဉ်ကျေးသိမ်မွေ့ပြီး မြန်မာ ဆန်ဆန်လှသူကိုသာ အဓိကထားပြီး ရွေးချယ်မှာဖြစ်ပါတယ်"

"မြန်မြန်ပြောပါဗျို့"

ဖိုးဇော်၏ အသံ

"ကျွန်တော်တို့ ရွေးခွင့်ရှိလားဗျို့"

"ကျွန်တော်တို့ရွေးထားတာနဲ့ မတိုက်ဆိုင်ရင် ကန့်ကွက်ခွင့် ရှိသလား ဗျို့"

ကာလသားအုပ်စုဘက်မှ ထွက်လာသောအသံ။

ကိုထိန်လင်းက လက်ကာပြပြီး စကားဆက်သည်။ သူ့မျက်လုံးက အပျိုမအုပ်စုထိုင်နေရာသို့ လှည့်လာပြီး တစ်စုံတစ်ယောက်ကို ရှာနေသလို ဝေ့ဝေ့ဝဲဝဲ . . .။ မေထူးက ကိုယ်ကို ခပ်မတ်မတ်ပြင် ထိုင်သည်။ ကိုထိန်လင်း မြင်သာအောင် ခေါင်းကို မော့မော့လေးချီထားလိုက်သေး။ ဒါတောင် ကိုထိန်လင်းအကြည့်က မေထူးကိုကျော်သွားပြီး နောက်နားတွင် ကုပ်ကုပ်လေး ထိုင်နေသူထံ ရောက်နေသည်။ ဟွန်း . . . အကယ်ဒမီပေးပွဲကျနေတာပဲ။ မီးမောင်းကြီးထိုးမှာကို မင်းသမီးတွေ မျှော် သလို မျှော်ရပြီ။ ကိုထိန်လင်းက . . .

"ဒီမြို့ရဲ့ ကွမ်းတောင်ကိုင် အလှပိုင်ရှင်အဖြစ် ပေဖူးလွှာကို ရွေးချယ်လိုက်ပါတယ်ခင်ဗျား . . ."

လက်ခုပ်သြဘာသံများ သောသောညံသွားတော့သည်။ အားလုံး၏ အကြည့်က ပေဖူးထံ ရောက်နေချိန်တွင် ပေဖူး၏ ရှက်ဝဲဝဲမျက်နှာလေးက

ချိုမြနေသည်။ မေထူးလည်း ရှက်စိတ်၊ ဂမ်းနည်း စိတ်ဖြင့် ရင်ထဲမောပြီး လက်ထဲမှ ပိုက်ဆံအိတ်ကို ဖျစ်ညှစ်နေမိတော့သည်။ အားလုံးက သဘောထား တိုက်ဆိုင်သည်ထင်ရဲ့၊ ကန့်ကွက်သံ တစ်ခွန်းမှထွက်မလာ။

ကိုထိန်လင်းက အစီအစဉ်ကို ဆက်လက်ကြေညာသည်။

“ပန်းစလွယ်နဲ့ ငွေသားဆုကိုတော့ အသစ်ပြောင်းရွှေ့လာတဲ့ ဒီမြို့နယ်ဆရာဝန် ဒေါက်တာ ဦးသက်ထွန်းက ချီးမြှင့်ပေးမှာဖြစ်ပါတယ်ခင်ဗျာ၊ ငွေသားနှင့် ပန်းစလွယ်ဆုကို လက်ခံယူဖို့ မပေဖူးလွှာ ကြွပါခင်ဗျာ . . .”

ပေဖူးကို မမထားက လာတွဲခေါ်သည်။ ပေဖူးက ရှက်နေလိုက်တာ ခေါင်းကြီးကိုငုံ့လို့၊ လျှောက်နေရင်းမှာပင် ဒူးတွေတုန်နေသလားမသိ၊ မမထားလက်ကို တင်းတင်းကြီးဆုပ်ကိုင်ထားတာ မေထူးတောင် သိသည်။ ပန်းစလွယ်လေး ပေဖူးကိုယ်ပေါ်ရောက်၊ ငွေစက္ကူထည့်ထားသည့် စာအိတ်ဖြူလေး ပေဖူးလက်ထဲရောက်၊ လက်ခုပ်သြဘာသံများဖြင့် သောသောညံနေချိန်တွင် ငြိမ်သက်ငေးငိုင်နေသူက မေထူးတစ်ယောက်တည်းသာ။ စိတ်နှင့်ကိုယ်ကင်းကွာနေသလိုလို၊ ရှက်ရွံ့ အားငယ်နေသလိုလို၊ ကိုယ့်အရည်အချင်းညံ့ဖျင်းမှုကို ပြန်တွေးမိသလိုလို . . .။

ဘေးမှ နိုင်နိုင်ဝင်းက တတောင်နှင့်တွတ်လိုက်မှ သတိရသဖြင့် လက်ခုပ်တီး၍ ပေဖူးကို ဂုဏ်ပြုလိုက်ရတော့သည်။

*

**(၈)**

မေထူးရင်ထဲတွင် မွန်းကြပ်မောနွမ်းနေပြီ။

အံချော်မှုများစွာထဲတွင် ဒီနေ့ညရဲ့ အံချော်မှုကတော့ မေထူး၏ ဘဂအတွက် သင်ခန်းစာရစေ တာ အမှန်ပင်။ မေမေနှင့်ဖေဖေက စကားတစ်ခွန်းစီပြောသည်။

"ရိုးသားတဲ့အဂတတန်ဆာဆိုတာ လှတဲ့မိန်းကလေးအတွက် အကောင်းဆုံး အဆင်တန်ဆာ ပါပဲ သမီးရယ်"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတတ်တဲ့ အားနည်းချက်ရှိနေတာက ဆုံးရှုံးမှုတွေနဲ့ ကြုံရတတ် တယ်ဆိုတာ မမေ့နဲ့"

မေထူး၏ နားစည်ထဲသို့ ထိုစကားလုံးများ အကြိမ်ပေါင်းများစွာ ရိုက်ခတ်စီးမျော ပျော်ဝင်နေ တော့သည်။

**ရှပ်ရှင်အမြုတေမဂ္ဂဇင်း**

**ဇွန်လ၊ ၂၀၀၅ ခုနှစ်**

*

# ကိုယ့်ခြံတွင်းပေမို့

အရိပ်အာဝါသ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် အေးချမ်းသော ခြံကျယ်ကြီးတစ်ခြံ။ သရက်ပင်၊ အုန်းပင်၊ မာလကာပင်များအပြင် သနပ်ခါးပန်းပင်၊ ခရေပန်းပင်ပျိုတို့ဖြင့် စိမ်းစိမ်းလန်းလန်း၊ တယုတယပျိုးထားသော ပန်းပွင့်ရောင်စုံနှင့် ပန်းခင်းသည်လည်း လူသွားလမ်း၏ တစ်ဖက်တစ်ချက် တွင် စီစီရီရီ။

ခြံကျယ်ကြီးထဲ၌ ပျဉ်ထောင်နှစ်ထပ်အိမ်ကို တစ်ဖက်ကပ်၍ ဆောက်ထားသည်။ မြေပိုသည် ပင် အတော်ကျယ်သေးသည်။ မိသားစု ငါးယောက်သာရှိပြီး ထိုမြေပိုကိစ္စကို ဆွေးနွေးနေသည်မှာ အခြေအတင်။

တိုးတိုးတိတ်တိတ် ဆွေးနွေးနေရာမှ အရှိန်ပြင်းလာပြီး အသံလှိုင်းများလည်း တိုးရာမှ ကျယ်လွင့်လျက် ဒေါသသံစွက်နေကြပြီ။ သမီးကြီး ခတ္တာဦးက-

“နင်တို့သိတာ နည်းနည်းပါဟာ . . . ကိုယ့်မြေကိုယ့်ခြံက ပိုနေတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သူများကို ငှားထားဖို့ဆိုတာ နောက်ဖြစ်လာမယ့် ပြဿနာတွေ အများကြီး”

ခါးသီးစွာကန့်ကွက်ပြီး ခေါင်းခါလက်ခါနှင့် စကားကို ရပ်ထားသည်။ သဇင်လတ်နှင့် ယုဇနထွေးက မြေငှားချင်နေပြီ။ မြေငှားမည့်သူများက မက်လောက်အောင်ပြောသွားခြင်းကို သဘော ကျနေပြီ။ သဇင်လတ်က သူ့ဆန္ဒကိုမလျှော့။ စောဒကဖြင့် -

“မမဦးက ရှုံးသွားနေလို့ မသိလိုက်တာပါ။ မမဦးပဲ စဉ်းစားကြည့်လေ၊ မြေငှားခရတဲ့အပြင် သူတို့ဆိုင်ရဲ့ အမြတ်အစွန်းထဲက ရာခိုင်နှုန်းနဲ့ပေးဦးမှာ၊ လက်ဖက်ရည်ဆိုင်အပြင် အခြားအစား အသောက်တွေပါ တွဲရောင်းဦးမှာလေ၊ ဆိုင်က ကြီးမှာဆိုတော့ ငွေသိမ်းကောင်တာမှာ မလက်ကို ထိုင်ခိုင်းမှာ”

“ဟုတ်တယ်၊ မထွေးလည်း ပစ္စည်းအရောင်းကောင်တာမှာ ထိုင်ရမှာ၊ နှစ်ယောက်လုံး ကိုယ့်ခြံ ထဲမှာပဲအလုပ်ရတော့ အဆင်ပြေတာပေ့ါ မမဦးရဲ့”

ယုဇနထွေးက မြေပိုအငှားချရေးအစီအစဉ်ကို ထောက်ခံနေသည်။ သူတို့အတွေးနှင့်သူတို့ ဟုတ်နေလိုက်ကြတာဟု ခတ္တာဦး တွေးနေလိုက်သည်။ စိတ်ထဲဘဝင်မကျချင်။ သဇင်လတ်ကို မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

“နေစမ်းပါဦး . . .နင်တို့က အလုပ်ဝင်ဖို့တောင် စီစဉ်ထားပြီလား၊ အမြတ်အစွန်းကိုပဲ မက်နေ တာကိုး၊ ဆုံးရှုံးနစ်နာမှုတွေရှိလာမှာကိုရော မတွက်ကြတော့ဘူးလား”

“ဒါကတော့ မမဦးရယ် . . .”

“ကဲ-ကဲ-ဖေဖေပြောတာ နားထောင်ကြဦး”

ဆင်ခြေတက်တော့မည့် ယုဇနထွေး၏ စကားကို ဦးမြစိန်က လက်ဝါးကာလျက် ဟန့်လိုက် သည်။ သမီးသုံးယောက်လုံး ငြိမ်သွားသည်။ ဦးမြစိန်က ရေနွေးတစ်ခွက် ငုံ့သောက်ပြီး တွေးတွေးဆဆ ဖြင့် စကားလုံးရွေးရပြီ။ အမြော်အမြင်ရှိသော ခတ္တာဦး၏ ဆန္ဒကို လိုက်ပါလိုသော်လည်း မဖြစ်သေးချေ။ ဘွဲ့ရပြီးကတည်းက ရုံးဝန်ထမ်းဝင်ငွေဖြင့် အိမ်စရိတ်ဖြည့်နေသော သမီးကြီးစကားသာ အောင်သည်ဟု မမြင်စေချင်။ အေဂျ်သင်ဖြင့် ဘွဲ့ရအောင်ကြိုးစားနေဆဲ သမီးငယ်နှစ်ယောက်ကို အားမငယ်စေချင်။

“ဖေဖေ့ဆန္ဒကတော့ အိမ်ဘေးမှာပိုနေတဲ့ မြေကွက်လပ်ကို မငှားချင်ဘူး ဘာဖြစ်လို့လဲဆိုတော့ အေးအေးချမ်းချမ်းနဲ့ နေခဲ့ကြတာမဟုတ်လား . . .။ မြေငှား သူက စားသောက်ဆိုင်ဖွင့်မှာဆိုတော့ လူဝင် လူထွက်ရှုပ်မယ်၊ အသံဗလံဆူညံမယ် ဒါတွေကို ဖေဖေမကြိုက်ဆုံးပဲ။ ဒါပေမယ့် . . . မလတ်နဲ့ မထွေးက သိပ်ပြီးဆန္ဒရှိနေတော့ ငှားကြည့်ကြပေ့ါ။ ဟို အငယ်ကောင်က ဆယ်တန်းမအောင်သေး တော့ သူ့အတွက်ပဲ ဖေဖေပူရတယ်”

ဦးမြစိန်က သားငယ် "ဝင်းမွန်"စာကျက်၍ မရမှာ ပူသည်။ လမ်းလွဲမှာပူသည်။ ဘာပဲဖြစ်ဖြစ် ခုန်ပေါက် ပျော်ရွှင်စွာဖြင့် သဇင်လတ်နှင့် ယုဇနထွေးတို့ လက်ဖဝါးချင်းရိုက်ကြသည်။ လက်ရှိခြိုးခြံချွေတာနေရသော အနေအထားထက် ပိုမိုသုံးစွဲနိုင်မည့် ငွေကြေးပမာဏကို တွေးနေကြပြီ၊ စိတ်ကူးယဉ် အိပ်မက်များစွာဖြင့် ဝင်းမွန်ကို သိမ်းသွင်းကြဦးမယ်။

ခေတ္တာဦးက သက်ပြင်းချလျက်အိပ်ခန်းထဲသို့ ရှိ့ရှိ့လေး ဝင်သွားရပြီ။

*

**(၁)**

"ဟယ် . . .ကုန်ပါပြီတော် . . .ကုန်ပါပြီ"

ညနေပိုင်း ရုံးမှပြန်ရောက်သောတစ်နေ့တွင် ခတ္တာဦးက စွေ့စွေ့ခုန်လျက် နှမြောတသစွာ ပြောသည်။

"ဖေဖေရယ် . . . အနှစ်နှစ်အလလက စိုက်ပျိုးထားတာတွေ နှမြောလိုက်တာ၊ အုန်းပင်နှစ်ပင် လည်း ခုတ်ထားတယ်၊ ယုဇနပင်နဲ့ခရေပင်တွေလည်း ခုတ်လှဲထားပြီးပြီ၊ ဟယ် . . . ဟိုမှာလည်း ပန်းခင်းလေးကို မြေဖို့ထားပါလား . . .ဒါတွေ မခုတ်ဖို့မပြောဘူးလား ဖေဖေရယ် . . ."

ငိုသံစွက်လျက် ပြောနေသော ခတ္တာဦးကို ဦးမြစိန် ငေးငိုင်ကြည့်နေမိသည်။ ပင်စင်စား ဦးမြစိန် ၏ ရင်ထဲတွင်လည်း ယူကျုံးမရဖြစ်မိတာအမှန်။ သီးပင်စားပင်ပန်းပင်များဖြင့် ပန်းဥယျာဉ်အသေးစား နှင့်တူသော ခြံမြေ၊ နံနက်စောစော ဘုရားရှိခိုးသံ အမျှေဝေသံဖြင့် မင်္ဂလာရှိသော

ခြံမြေ၊ မိသားစုဆုံချိန် တွင်ရယ်မောပျော်ရွှင်သံ၊ ရုံဖန်ရုံခါတွင် ဝင်းမွန်၏ ဂီတာသံလွင်လွင်နှင့် အေးငြိမ်းသောခြံမြေ။

သည့်လိုခြံမြေကို ငွေကြေးများစွာတတ်နိုင်သူတို့က ငှားပြီး လုပ်ငန်းတစ်ခုအတွက် အဆောက် အအုံဆောက်ကြပြီဆိုမှတော့ ခုတ်ထွင်ရှင်းလင်းခွင့်ပေးရမည်သာ။ ငွေလိုချင်ပြီဆိုမှတော့ တားခွင့် မရနိုင်သည့် အခြေအနေဖြစ်သွားပြီဟု ဦးမြစိန်တွေးသည်။

“ဘယ်တတ်နိုင်မလဲသမီးရယ် . . . ဆိုင်က ကြီးကျယ်ခမ်းနားမှာဆိုတော့ အပင်တွေမလွတ်ဘူး တဲ့၊ စာချုပ်ထဲက ကာလအတိုင်းအတာအထိ ဒီမြေကို သူတို့ပိုင်ကြပြီလေ၊ သူတို့သဘောဖြစ်နေပြီပေါ့ ကွယ် . . .”

တစ်ခွန်းချင်းပြောပြီး တစ်လှမ်းချင်းလှည့်ထွက်သွားသော ဦးမြစိန်၏ ခံစားမှုကို ခတ္တာဦးနား လည်းသည်။ ဖေဖေလည်း နှမြောရှာမှာပါလေဟု တွေးနေမိ၏ ။ ထိုစဉ် ယုဇနထွေးရောက်လာပြီး အသံ စာစာလေးဖြင့်-

“ဟယ် . . . သစ်ပင်တွေ ခုတ်လိုက်တော့ ရှင်းသွားတာပဲနော်၊ အရိပ်ရပေမယ့် ခြင်ကျားတွေ ပေါနေတာလေ၊ ခုမှပဲ ရှင်းသွားတော့တယ်၊ သူတို့က လူအင်အား၊ စက်အင်အားများများ သုံးလိုက်နိုင် တော့ တစ်ရက်ထဲနဲ့ အတော်ခရီးရောက်တယ်နော် မမဦး”

ဂမ်းသာအားရပြောနေဟန်က သူတစ်ပါး၏ ခံစားမှုကို အလေးမထားသည့် ဟန်မျိုး၊ ဒုတိယ နှစ်ကျောင်းသူဖြစ်နေပြီ။ ဘာမျှ အရိပ်အကဲ မသိ၊ အငယ်ကောင် ဝင်းမွန်သည်ပင် အရိပ်အကဲသိ သည်။ ခတ္တာဦး မျက်နှာညှိုးနေသဖြင့် မြေငှားရမ်းခြင်းကိစ္စကို ဘာမျှမဆွေးနွေး။

သူဂစ်တာထိုင်တီးနေကျ သနပ်ခါးပင်အုပ်အုပ်လေးနှင့် ခုံတန်းလျားလေးကိုတော့ နှမြောနေပုံ ရသည်။ ခတ္တာဦးက ယုဇနထွေးထံ အကြည့်စိမ်းစိမ်းဖြင့်ကြည့်ပြီး . . .

“အေး-အေး-အခုတော့ ရှင်းလို့ လင်းလို့ပေါ့ဟာ၊ ကြည့်လေ ငါတို့ အပင်တွေကို ကားကြီးတွေနဲ့ သယ်ယူသွားတာ၊ ငါတို့ခြံထဲက မြေတွေတူးပြီး သယ်ယူသွားတာ၊ ဒါတွေဟာ စေတနာနဲ့ ရှင်းပေးတာ မဟုတ်ဘူး။ သူတို့အတွက် အမြတ်ချည်းပဲ၊ သူတို့ အသုံးတည့်တာချည်းပဲ၊ နင်မသိတာတွေအတွက် ဝမ်းသာမနေနဲ့”

ခေတ္တာဦးက လေသံမာဆတ်ဆတ်ဖြင့်ပြော၍ လှည့်ထွက်လာသည်။ ဈေးဝယ်ထွက်သွားသော သဇင်လတ်ပြန်လာလျှင် ဂွစာအပျိုကြီး နှမြောနေပုံကိုပြော၍ ဟားရဦးမည်ဟု ယုဇနတွေးနေသည်။ မြေငှားခရသောငွေထဲမှ မုန့်ဖိုးဟုဆိုကာ ခွဲဝေပေးထားသောငွေကို သုံးကြရပြီ၊ သဇင်လတ်က အဝတ် အစားဝယ်ရန် ရှော့ပင်းထွက်သည်။ ယုဇနက အစားမက်သူ၊ စိတ်ကြိုက်ဝယ်စားပြီးမှ ပြန်ရောက်ခြင်း ဖြစ်သည်။ သူတို့ကတော့ ဝေစုထားသည့်ငွေကို တရိရိနှင့်သုံးပစ်ရန်သာ စိတ်ကူးထားပြီးသား၊ ရထား သောဝေစုငွေကလည်း နည်းနည်းမှ မဟုတ်ဘဲ။

ရုပ်ရှင်ကြိုက်သူ ဝင်းမွန်လည်း ရှိသမျှရုပ်ရှင်ရုံများ ဝင်ကြည့်ပြီးပြီ။ ဦးမြစိန်သည် ထိုင်နေကျ ပက်လက်ကုလားထိုင်ပေါ်မှ ထိုင်နေလျက် အားလုံးကို ကြည့်နေလိုက်၏ ။ စိတ်အနေကျဉ်းကျပ်မိ တာတော့ အမှန်ပင်။

*

## (၈)

“ရာစုသစ် စားဖွယ်စုံ”ဆိုသော ဆိုင်းဘုတ်လေးက ခန့်ခန့်ထည်ထည်။

စက်ဘီးဘဲလ်သံ၊ ဆိုင်ကယ်သံ၊ ကားသံတို့ဖြင့် ဆူဆူညံညံဖြစ်နေပြီ။

ဆောင်းဘောက်မှ ပြင်းပြင်းရှရှတေးသံများ လွင့်ပျံနေချိန်ဆိုလျှင် ကျောင်းသူကျောင်းသား တော်တော်များများ ရောက်နေပြီဟု သိနိုင်သည်။ သူတို့ယူလာသော အခွေကို ဖွင့်ပေးထားရခြင်းပါ။ စားသုံးသူများ နားမခံ နိုင်။

အရွယ်ကြီး အရွယ်ငယ် ကျောင်းသားကျောင်းသူတို့ စတည်းချရာဖြစ်ပြီ။ အချို့ကျတော့ ကျောင်းဝတ်စုံ ပုဆိုးပြာ၊ အင်္ကျီဖြူနှင့် တချို့လည်း စကတ်တိုတိုလည်ဟိုက်ဟိုက်နှင့် စားပွဲဝိုင်းတိုင်း တွင် တွေ့ရစမြဲ။

လက်ဖက်ရည်မှာသူ၊ မုန့်ဟင်းခါးမှာသူ၊ အသုပ်စုံ၊ အအေး၊ စီးကရက်မှာသူ၊ အော်သံ၊ ခေါ်သံ၊ ပန်းကန်ခေါက်သံ၊ ငွေရှင်းသံတို့ဖြင့် ဆူညံနေသည်မှာ နေ့စဉ်။

နေ့လယ်နေ့ခင်းဆိုလျှင် အရောင်းအဝယ်သမားများ၊ အိမ်ခြံအကျိုးဆောင်များဖြင့် ခြေရှုပ် ပြန်သည်။ ညနေပိုင်း ရုံးဆင်းချိန်တွင် ရုံးဝန်ထမ်းများ၊ စာရေးဆရာများဖြင့် စည်ကားပြန်သည်။ ညပိုင်း အချိန်ရောက်လျှင်တွင် သာယာသောရာသီဥတုနှင့်အပြိုင် မီးပွင့်ရောင်စုံဖြင့် ဆိုင်လေးက ညှော့ကြိုနေသည့်နှယ်၊ ပိုဆိုးသည်မှာ ဝင်းမွန်၏ သူငယ်ချင်းများ ခေါ်သံပင်။

“ဝင်းမွန်ရေ . . . လာလေကွာ၊ တို့ရောက်နေပြီ”

“ဝင်းမွန်ရေ . . .ဆင်းခဲ့ဦးလေကွာ”

ခေါ်သံမဆုံးမီ ဝင်းမွန်က ဆိုင်ထဲရောက်နေပြီ။ သူငယ်ချင်းများနှင့် လက်ဖက်ရည်လေးမော့၊ စီးကရက်လေးဖွာလျက် စာကျက်ရန် မေ့နေတတ်သည်။

“ဆေးလိပ်မသောက်ရ”ဟု ဦးမြစိန်တားမြစ်ထားသော အမိန့်သည်လည်း ဝင်းမွန်စိတ်ထဲမရှိ တော့။ ဦးမြစိန်က မမြင်၍ မပြောဖြစ်သော်လည်း ငွေသိမ်းကောင်တာမှ သဇင်လတ်က တမင်မပြော ခြင်းဖြစ်သည်။ ယုဇနထွေးကလည်း အချိုရည်၊ လက်ဖက်ရည်၊ ဂျင်းသုပ်၊ ငွေရှင်းကောင်တာမှ မြင်သည်။ လူငယ်သဘာဝပဲဟု ခွင့်လွှတ်ထားကြသည်။

ငွေကို ရေလိုသုံးနေရသော သတို့သုံးယောက်က အပျော်ကြီး ပျော်နေပြီကို ခတ္တာဦးသိသည်။ ခတ္တာဦးကတော့ သက်ပြင်းမောနှင့် မျက်ရည်တလည်လည်။ ယခင်ကကြားနေကျ ဖေဖေ့မေတ္တာပို့ အမျှေဝေသံ၊ ကြေးစည်သံနှင့် ဝင်းမွန်၏ စာကျက်သံများလည်း မကြားရတော့ပြီ။ အေးငြိမ်းသော ခြံလေးထဲမှ ပူလောင်ခြင်းကို မြင်တွေ့နေရသည်။ ခတ္တာဦးရင်ထဲ နာကျင်နေပြီ။

"ရှေ့လျှောက် ဘာတွေများထပ်ပြီး ဆုံးရှုံးရဦးမလဲ၊ ဆုံးရှုံးနစ်နာစရာတွေက တို့မိသားစုကို တစ်စတစ်စ ဝါးမျိုလာပြီပဲ . . . စာချုပ်သက်တမ်း မပြည့်မချင်း ဝဋ်ခံနေရဦးမှာပါလား . . ."

ခတ္တာဦး အတွေးနှင့် သောကို သဇင်လတ်တို့က လှောင်ရယ်ဦးမှာ သေချာသည်။

*

## (ဃ)

သဇင်လတ်သည် ဝတ်စားဆင်ယင်ပုံ ပြောင်းလဲလာသည်ဟု ခတ္တာဦးတွေးနေမိ၏ ။ ခုတလော ပေါ်သမျှ၊ ဆန်းသမျှ သူ့ကိုယ်ပေါ် ရောက်နေပြီ။ လက်စွပ်နှင့်ဆွဲကြိုးကလည်း တဝင်းဝင်းနှင့်။ ယုဇန ထွေးကလည်း ပြောင်ပြောင်ဝင်းဝင်းနှင့်။ သူတို့ပြောတော့လည်း ဘောက်ဆူးရသောငွေနှင့် ဝယ်သလို လို၊ ဖေဖေပေးသော ဂေစုငွေနှင့် ဝယ်သလိုလို။

နှစ်ဦးသား ကာလာစုံမျက်နှာနှင့်။ ခပ်ကျိတ်ကျိတ်ပြော၍ ရယ်မောဂုဏ်ယူနေပုံကလည်း တူသည်။

"နေ့လည်ကလာတဲ့ ခပ်ချောချောလူလေ၊ ဟိုတစ်ပင်က စာပေးတာ

ဒီနေ့လာတော့ အင်္ကျီစ ရယ်၊ ရေမွှေးပုလင်းရယ် လက်ဆောင်ပေးတယ်၊ ထွေး ဘာမှမပြောသေးဘူး၊ အချိန်ဆွဲထားသေးတယ်”

“တို့ကို ဂျီကျနေတဲ့လူတွေကို စိတ်တိုင်းမကျသေးပါဘူး၊ သူတို့ပေးတာကို အားနာလို့ယူထား ရတော့ . . . မတတ်နိုင်ဘူးလေ၊ ကိုယ်က တောင်းတာမှ မဟုတ်တဲ”

သူတို့စကားပြောကြောင်း ကြားနေကြသည်မှာ စိတ်တိုချင်ချင်။ ဂုဏ်ယူစရာမှ မဟုတ်တဲဟု တွေး၍ ခတ္တာဦး စောင်ကိုတင်းတင်းခြုံလိုက်သည်။ သူတို့ပြင်ဆင်ထားသည်များ သစ်လွင်တောက်ပနေသည် များကို ပတ်ဝန်းကျင်အမြင်၌ ဘယ်သို့ရှိမည်မသိ။ ခတ္တာဦးကတော့ လုံးဝ အထင်မကြီး။ ဦးမြစိန် ကလည်း ဘာဆိုဘာမျှ မပြောတော့။

*

## (၉)

ဆယ်တန်းအောင်စာရင်းထွက်ပြီ။

ဝင်းမွန် မအောင်။ စာတော်ခဲ့သော အဌမတန်းတွင် ဂုဏ်ထူးဖြင့် အောင်ခဲ့သော ဝင်းမွန်။ ခုတော့ မြေငှားလိုက်သည့် ရလဒ်ကြောင့်ဟု တွေး၍ ဦးမြစိန် ယူကျုံးမရဖြစ်နေသည်။ သားသမီး များ၏ အရှုံးကို တဖြည်းဖြည်းရင်ပူလာပြီ။

ခတ္တာဦးက လူမျိုးခြား ငွေရှင်ကြေးရှင်များကို မကျေနပ်။

“ဖေဖေရယ် . . . ဖြစ်နိုင်ရင် ငွေပြန်အမ်းလိုက်ချင်ပြီ။ ရုံးက ပြန်လာရင် နားချိန်မှာ ဟိုအရင်လို နားအေးပါးအေးကို မရှိဘူး။ ညောင်နံ့တွေလည်း မွှန်နေတာပဲ၊ စိတ်ထဲမှာ ကြည်ကြည်လင်လင် မရှိဘူး”

ခတ္တာဦးအသံက စိတ်ရှုပ်ထွေးသံ။ ဝင်းမွန် စာမေးပွဲကျခြင်း၏ တရားခံသည် မြေပွားမိခြင်း ကြောင့်ဟု မကျေနပ်ဖြစ်ခဲ့သူ။ မြင်တွေ့ရသမျှ တစ်ခုမှဘဝင်မကျဟု ခတ္တာဦး ညည်းညူစမြဲ။ ဦးမြစိန် ကလည်း ပွားခွင့်ပြုမိခြင်းကို နောင်တရနေသည်။

"စာချုပ်သက်တမ်းပြည့်ရင် သူတို့က ဆက်ပြီးပွားချင်သေးတာ၊ ဖေဖေဆုံးဖြတ်ထားပြီးပါပြီ။ ဆက်မပွားတော့ပါဘူး"

ဖြေသိမ့်စကားပြောသော ဦးမြစိန်ကို ခတ္တာဦးက စူးစူးစိုက်စိုက်ကြည့်မိသည်။ ဖေဖေလည်း စိတ်ရှုပ်နေရှာပါလားဟုတွေး၍ သနားသွားသည်။ ခတ္တာဦးအတွေးတွင် ညီမငယ်နှစ်ဦး၏ စိတ်ဓာတ် ရေးရာများ ပျက်ယွင်းသွားလေပြီလားဟု မတွေးရက်ရက် တွေးမိပြီ။

အောင်စာရင်းထွက်ပြီးကတည်းက ခြေငြိမ်နေသော ဝင်းမွန်သည် စာအုပ်များကို စီစီညီညီ ထားပြီး စာတွေပြန်ကူးနေပြီ။

"ကျွန်တော် နောင်တရပါပြီ မမဦးရယ် . . . ဆိုင်ဘက်ကို မကူးတော့ပါဘူး"

"ဟိုဘက် ကူးမသွားတာနဲ့တင် မရသေးဘူး၊ ပေါ့ပျက်နေတဲ့ စိတ်ကိုပြင်ရဦးမှာ၊ အလတ်မ နှစ်ယောက်ကိုလည်း ထပ်ပြောရဦးမယ်၊ စိတ်တွေပေါ့ပျက်နေတာပြင်ကြဖို့၊ ကြရင်လူပါပျက်ဖို့ပဲ ရှိတော့ တယ်။ ပတ်ဝန်းကျင်အထင်သေးစရာဖြစ်နေတာကြာပြီ"

ဝင်းမွန်ကို ဆူဆူပြောပြောနှင့် ခတ္တာဦးက စိတ်ထဲရှိသမျှ ပြောချလိုက်သည်။ ဇက်ကလေးပု သွားသော ဝင်းမွန်ကိုကြည့်၍ ဦးမြစိန် ပြုံးနေမိသည်။ ပေါ့လားဝါးလားနေခဲ့သော ဝင်းမွန်တစ်ယောက် အခုမှ အမြင်မှန်ရနေသည်မဟုတ်လား။

*

(၈)

“တောက်မိုက်ရိုင်းစော်ကားတဲ့ လူကြီး၊ အခုသွားပြီး ခုတ်ပစ်မယ်”

“ဟဲ့ - ဟဲ့ - မလုပ်နဲ့ မောင်လေး”

“ဆွဲထားပါဦး၊ ခြေလွန်လက်လွန်ဖြစ်ကုန်ပါ့မယ်”

ဝင်းမွန်၏ ပေါက်ကွဲသံက ကျယ်ကျယ်လွင့်လွင့်။ အစ်မ သုံးယောက်က ဝိုင်းဆွဲထားသည့် ကြားမှ ရုန်းထွက်နေသည်။ ဒေါသတကြီးနှင့် ကြိတ်မနိုင်ခဲမရဖြစ်လျက် မျက်ရည်တွေတွေကျနေပြီ။ သဇင်လတ်ကလည်း တရှုံ့ရှုံ့ငိုရှိုက်နေဆဲ။ “ရာစုသစ်”ဆိုင်ပိုင်ရှင်၏ မတော်မရား ကြံစည်ခြင်းကို ခံရသဖြင့် ရှက်ဒေါသဖြစ်နေသည်။ ယုဇနထွေးမြင်၍ နောက်ဆုတ်သွားခြင်းပါ။ ဝင်းမွန်နှင့် တိုးလိုက်လျှင် အသေပဲသာမှတ်ဟု ယုဇနထွေးက ရင်ကိုဖိ၍ ပြောသည်။ ဦးမြစိန်က တိုးတိုးကြိတ်ကြိတ် လေသံ လျှော့၍ -

“စိတ်ကိုလျှော့ပါ သားလေးရယ် . . . ဒီလူတွေ ငွေရှင်တွေလေ၊ မင်းကကျောင်းသားပဲ၊ ပြဿနာဖြစ်ပြီး အကျယ်ကျယ်ဖြစ်လာရင် အရှက်တကွဲဖြစ်မှာပေါ့၊ သည်းခံလိုက်ကြရအောင်နော်”

“သည်းခံရတာ တွေများနေပြီ ဖေဖေ၊ ဒီလူယုတ်မာတွေကို ပြောင်းခိုင်းမှဖြစ်တော့မယ်နော်၊ ကြာရင် ပြဿနာတက်မှာ သေချာတယ်”

ဝင်းမွန်က လက်သီးကိုကျစ်ကျစ်ပါအောင်ဆုတ်လျက် ပြောသည်။ ခတ္တာဦးလည်း ငိုနေဆဲ၊ သဇင်လတ်ထံအကြည့်ရောက်လျက်-

“ခုမှ ငိုမနေနဲ့ အစကတည်းက မြေမငှားဖို့ ကိစ္စကို တားခဲ့သားပဲ၊ နင်တို့ကို ငွေတွေ လက်ဆောင်ပစ္စည်းတွေနဲ့ မက်လောက်အောင်ဆွယ်ပြီး

နင်တို့နှစ်ယောက်ကို ရုပ်လေးပြပြီး ခိုင်းထား တာ၊ နင်တို့က ကျေးဇူးရှင်ဆိုပြီး ကျေးဇူးတင်နေသေးတယ်မဟုတ်လား၊ အခုကြည့်စမ်း . . . ကိုယ့်မြေ ပေါ်မှာလည်း စီးပွားရေးလာလုပ်သေးတယ်၊ ကိုယ့်မိသားစုဝင်ကိုလည်း စော်ကားသေးတယ်၊ ဒါတွေကို ကြိုမြင်လို့ တားခဲ့တာလေ၊ အခု လက်တွေ့ကြုံပြီမဟုတ်လား၊ ကိုယ်ကျိုးနည်း ဘဝပျက်ဖို့ သီသီလေးပဲ လိုတော့တယ်”

ခတ္တာဦးစကားဆုံးတော့ ဦးမြစိန်ကခေါင်းညိတ်တယ်။ ခတ္တာဦးက တွေးတွေးဆဆ ဆင်ခြင် တတ်သူ။ သမီးနှစ်ယောက်က လောဘသားကောင်များဟု သိနေပြီ။ သမီးများကို သွေးတိုးစမ်းချင် သဖြင့် မျက်နှာကို နွမ်းလျအားလျော့ဟန်ပြုလိုက်ပြီး . . .။

“မြေငှားတုန်းက စပေါ်ငွေများများယူထားပါဆိုလို့ ဖေဖေယူလိုက်တယ်လေ . . . မိတဆိုးလေး တွေ စိတ်တိုင်းကျသုံးပါစေဆိုပြီး ခွဲဝေပေးပြီးပြီ၊ အခုမြေဆက်မငှားတော့ဘူးဆိုတော့ ပြန်အမ်းဖို့ ငွေမပြည့်တော့ဘူးကွယ်”

သမီးများကို ဝေ့ဝိုက်ကြည့်၍ အဖြေကို စောင့်နေသည်။ စကားဝိုင်းလေးမှာ လှုပ်လှုပ်ရှားရှားဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြပြီ။ ခတ္တာဦးကစတင်၍ သူ့ရွှေထည်ပစ္စည်းများရောင်း မည်ဟု ပြောသည်။ သိတတ်လိမ္မာသော သမီးကြီးကို ကြည့်၍ ဦးမြစိန်ရင်ထဲ ကျေနပ်ပီတိဖြစ်ရပြီ။ သဇင်လတ်က မျက်ရည်သုတ်လျက်-

“မမဦးရဲ့ ပစ္စည်းတွေ မရောင်းပါနဲ့ ဖေဖေ၊ သမီးရဲ့ ရွှေတွေကိုပဲ ရောင်းပါ၊ မိသားစု သောက ရောက်အောင် သမီး လောဘတက်ခဲ့မိတာပါ၊ သမီးကို ခွင့်လွှတ်ကြပါနော်”

ညင်သာစွာ ပြောနေသောသဇင်လတ်ကို ဦးမြစိန်က ခေါင်းညိတ်ပြသည်။ သားသမီးများကို ဝေ့ဝိုက်ကြည့်လျက် အခုမှ ရင်ထဲရှိသမျှ

ပြောပြဖြစ်သည်။

"အေး . . . အေး . . . အားလုံးအဆင်ပြေအောင် ဖေဖေစီစဉ်လိုက်မှာပါကွယ် . . .၊ တကယ်တော့ ကိုယ်ပိုင်တဲ့ကိုယ့်ခြံထဲမှာ သူစိမ်းတွေ စီးပွားရေးလာလုပ်တာက သူတို့ရဲ့ အကျိုး အတွက်သူ့တို့ကြည့်တာလေ။ ကိုယ်ရမယ့် အကျိုးအမြတ်က မဖြစ်စလောက်ပဲ၊ သူတို့ ခြယ်လှယ်မှာ တွေအများကြီး။ ကိုယ်က ဆုံးရှုံးနစ်နာမှာလည်း အများကြီးပေါ့ . . .။ ဖေဖေကတော့ အေးချမ်းတဲ့ ဘဝလေးကိုပဲ ပိုင်ဆိုင်ချစ်တယ်ကွယ်"

ဦးမြစိန်၏ စကားအဆုံးတွင် သားသမီးများနှင့် ဝင်းမွန်ကလည်း နောင်တစကားပြောကြပြီ . . .။ ခတ္တာဦးကတော့ လုပ်ငန်းရှင်များ ခုတ်ထွင်ရှင်းလင်းထား၍ အရိပ်မဲ့နေသောခြံကို ငေးဝိုက်ကြည့် လိုက်သည်။ နဂိုအတိုင်း ခရေပင်၊ ယုဇနပင်၊ သနပ်ခါးပင်များ ပြန်စိုက်ဦးမည်။ ထောင့်တွင် သရက် ပင်နှင့် မာလကာပင်များ အစားထိုးစိုက်ရဦးမည်။ ပန်းခင်းလေးလည်း စီစီညီညီ စိုက်ပျိုးရဦးမည်ဟု အဆုံးမဲ့ တွေးနေတော့သည်။

သည်ခြံကျယ်ကြီးထဲမှ ဆိုင်အဆောက်အဦကို ဖျက်ပြီးယူသွားလိမ့်မည်။ ထိုသောအခါ အမှိုက် သရိုက်များ ကျန်ရစ်ဦးမည်။ တစ်ခြံလုံး သန့်ရှင်းရေးလုပ်ရန်နှင့် မြေဖို့၊ မြေညှိလုပ်ရမည့် ကိစ္စကိုတော့ သူပဲ တာဝန်ယူမည်ဟု ဝင်းမွန်တွေးနေပြီ။

အေးချမ်းလှပသော သည်ခြံထဲတွင် ဖေဖေဦးမြစိန်၏ ဘုရားဝတ်ပြုသံ အမျှေဝေသံကို ယခင် ကလိုပင် ကြားရဦးမယ်။ ဖူးပွင့်လာမည့် ပန်းပေါင်းစုံတို့၏ မွှေးရနံ့သည်လည်း ဟိုတစ်ချိန်ကလိုပင် သင်းထုံပျံ့လွင့်နေတော့မည်သာ။

**မြဝတီမင်္ဂဇင်း**

**ဇွန်လ၊ ၁၉၉၄ ခုနှစ်**

*